ကျေးဇူးတော်ရှင်
ဓမ္မာနုပဿနာ ပစ္စက္ကူဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ်
# (အနိစ္စဆရာတော်)

**ဟောကြားဆုံးမတော်မူအပ်သော**

# န မနုဿော တရားတော်

ကိလေသာဟူ တွင်းရန်သူတို့
မပြုပွဲ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့်
အရဟံ အရဟာ မည်တော်မူ၏။

**သတ္တဝါမရှိသော အသိသည်သာ လိုရင်းဖြစ်သည်။**

"တောဇိန္ဒာရာမကျောင်းတိုက်" ကုက္ကိုင်းလမ်းဆုံ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။

# ‘ဓမ္မစကား နေ့တိုင်းကြားက သစ္စာဉာဏ်ပေါက် အေးငြိမ်းရောက်၏’

ဓမ္မာနုပဿနာဆိုတာ . . .

- ♦ တကယ်ရှိတဲ့ ဓမ္မသဘာဝတွေကို ဓမ္မအတိုင်း အမှန်သိသိပေးနေတဲ့ ဉာဏ်ကိုခေါ်တယ်။
- ♦ ပညတ်မဖက် သက်သက်သော ပရမတ်တရားကို တိုက်ရိုက်ရှုတာ ဓမ္မာနုပဿနာပဲ။
- ♦ ပညတ် ပရမတ်ကို အထူးခွဲခြားသိရတယ်။
- ♦ ပရမတ်ဉာဏ်နဲ့ ကြာကြာနေနိုင်အောင် အလေ့အကျင့်လုပ်ပေးရတယ်။

## ဓမ္မာနုပဿနာနဲ့ ရှုပွားနေရင် . . .

- ♦ လုပ်ရင်းကိုင်ရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်
- ♦ သွားရင်းလာရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်
- ♦ ရောင်းရင်းဝယ်ရင်း နှလုံသွင်း ထင်လင်းရှုနိုင်ချက်
- ♦ ခရုဖမ်းသထက် လွယ်ကူချက်၊ အပျက်မြင်နိုင်ချက်
- ♦ ဖြစ်တာက ဉဒယဉာဏ် ပျက်တာက ဝယဉာဏ်
- ♦ ပျက်နေတယ် ပျက်နေတယ် မှန်စွာသုည သိရမယ်။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ကျေးဇူးတော်ရှင်**
**ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး**

ဦးက္ကန္ဓောဘာသ

**ဟောကြားတော်မူအပ်သော ဓမ္မသြဝါဒလင်္ကာများ**

♦ မျက်စိမြင်တုံ၊ ရူပါရုံ၊ လူ့ပုံမမှတ်ရ။
မျက်စိကမြင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

♦ နားကကြားတုံ၊ သဒ္ဒါရုံ၊ လူ့ပုံမမှတ်ရ။
နားကကြားလျှင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

♦ နှာခေါင်းက နံတုံ၊ ဂန္ဓာရုံ၊ လူ့ပုံမမှတ်ရ။
နှာခေါင်းက နံလျှင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

♦ လျှာက စားတုံ၊ ရသာရုံ၊ လူ့ပုံမမှတ်ရ။
လျှာကစားလျှင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

♦ ကိုယ်ကထိတုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ လူ့ပုံမမှတ်ရ။
ကိုယ်ကထိလျှင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

♦ စိတ်က ကြံတုံ၊ ဓမ္မာရုံ၊ လူ့ပုံမမှတ်ရ။
စိတ်ကကြံလျှင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

*သတ္တဝါ မရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်။*

# န မနုဿော တရားတော်

**သာသနာတော်နှစ် – ၂၅၅၂**

**၁၃၆၉ ခုနှစ်၊ တပို့တွဲလကွယ်**

**၆–၃–၂၀၀၈၊ ကြာသပတေးနေ့၊ နံနက်စင်းတရားတော်**

## သုညတာကာရ

နမနုဿော နမနုဿောဆိုတာ ထိုင်နေတာတွေလည်း လူမဟုတ်ဘူးတဲ့ အဲ အဲ နမနုဿော လူတို့ ဘာတို့ မြင်လို့ရှိရင် ဥပါဒါဏက္ခန္ဓာခေါ်တယ်။ ဥပါဒါဏက္ခန္ဓာဆိုတာ ဒုက္ခသစ္စာခေါ်တယ်။ နမနုဿော လူမဟုတ်ဘူး ဆိုကတည်းက **သုညတာကာရ**ခေါ်တယ်။ ကြံတာကလည်း လူတွေကြံ တတ်တာကိုး၊ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေကိုကြံတတ်တယ်။ တရားက မကြံချင်ဘူးဆိုလို့ မဖြစ်ဘူး၊ လူတွေရှိနေလို့ ဟော အခုဟာက လူတွေ မရှိဘူးဆိုတော့ တစ်ခါတည်း ကြံလို့ကို မဖြစ်တော့ဘူး၊ ရာဂလည်းရာဂလည်း ဖြစ်လို့မဖြစ်တော့ဘူး၊ ဒေါသလည်းဖြစ်ဖို့ မရှိတော့ဘူး၊ နမနုဿောလေး တစ်လုံးလုပ်လိုက်တာနဲ့ပဲ စိတ်ထဲမှာ မနုဿော လူလို့ဖြစ်နေတယ်၊ မြတ်စွာဘုရားက နမနုဿောတဲ့ လူမဟုတ်ဘူးဆိုတော့ ဒီပြင်ဟာတွေ ဘာမှမရှိတော့ဘူး၊ စကားလည်းမပြောရတော့ဘူး၊ ကြည့်လည်း ကြည့်လို့မြင်တာလည်း လူမဟုတ်ဘူး၊ နားထောင်လို့ ကြားတဲ့ဟာကလည်း လူမဟုတ်ဘူး၊ လူမဟုတ်ဘူးဆိုတာက တော်တော် အရာကျယ်တယ်။ အဲဒါနဲ့လည်း သောတာပန်ကဖြစ် ဖြစ်နိုင်တယ်။ ဒါ 'သုညတာကာရ'ခေါ်တယ်။ သုညတ အခြင်းအရာအားဖြင့် နှလုံးသွင်းတယ်။ ရာဂဆိုတာကလည်း လူဟုတ်လို့ ဖြစ်နေတာ။ ဒေါသတွေလည်း ဒီလိုပဲ၊ မော့တယ်၊ လှုပ်တယ်၊ ညောင်းတယ်ဆိုတာလည်း အဲဒါ လူဟုတ်နေလို့။

## ကဲ့ရဲ့စရာ ချီးမွမ်းစရာတွေမရှိပါ

နမနုဿောတဲ့ ပဉ္စက္ခန္ဓာ နမနုဿောဆိုမှ တစ်ခါတည်း တရားက "ဟန်ဟန်"လာတယ်။ နမနုဿော လူမဟုတ်ဘူးလို့ဆိုတော့ ဘာကြီးတုန်းဆိုမှ ပဉ္စက္ခန္ဓာ အဲဒီကျတော့ ထွက်လာ တယ်လို့ ထင်ရတယ်၊ မဟုတ်ဘူး။ လူမဟုတ်ဘဲ မျက်စိမြင်တာကကို ဝိညာဏက္ခန္ဓာ၊ နားကြားတယ်ဆိုတာလည်း ဝိညာဏက္ခန္ဓာဘဲ။ ကြားလို့ စိတ်လည်းမဆိုးဘူး၊ ကောင်းတာလည်းမဟုတ်ဘူးဆိုရင် ဒါ ဥပေက္ခာဝေဒနာဘဲ။ အစဆုံး အစဆုံးကတော့ အဲဒီစိတ်ထဲမှာ လူမဟုတ်ဘူးဆိုတာ အရေးကြီးဆုံးပဲ၊

ဘာမှလည်း ပြောစရာမရှိတော့ဘူး။ မြင်တာတွေ၊ ကြားတာတွေကျတော့မှ ‘ဟော’ ခန္ဓာဖြစ်သွားတယ်၊ အသားတွေထိတဲ့ခါ စိတ်ထဲက စိတ်ကူးထဲ ‘ကြံ’တဲ့အခါ အဲ. . ဝိညာဏက္ခန္ဓာ၊ အရင်ဆုံးလူမဟုတ်ဘူးဆိုတာသိမှ ခန္ဓာလည်းသိရော သောတာပန်လည်းဖြစ်ကရော။ ဝိစိကိစ္ဆာ ကလည်းမရှိတော့ဘူး။ တရား တရား တရားဆိုတာ ဘယ်သူ့တရား၊ ဘယ်ဝို့တရားလည်း မရှိတော့ဘူး၊ နမနုဿောက အရင်ခံထားလိုက်တာ **‘ကဲ့ရဲ့စရာတွေ၊ ချီးမွမ်းစရာ’** တွေလည်း မရှိတော့ဘူး၊ အဲဒါ နမနုဿောလို့ဆိုရတယ်။ သူလည်းမရှိဘူး၊ ငါလည်းမရှိတော့ဘူးဆိုတော့ အဲဒါကကိုက ဒိဋ္ဌိမရှိတော့ဘူး။ အဲဒီ နမနုဿောက အရင်ထား၊ လူလည်းမဟုတ်ဘူးဆိုတော့ နက္ကတ္တိပေါ့။ မိန်းမလည်းမဟုတ်ဘူး။ နပုရိသော အဲ. . အဲ. . ဒါကအရင်ထား။ ယောကျ်ားလည်းမဟုတ်ဘူးဆိုတော့ ယောကျ်ားတွေမကြံတော့ဘူး။ နက္ကတ္ထိမိန်းမတွေမဟုတ်ဘူးဆိုတော့ ဟော မိန်းမတွေဘက်လည်း စိတ်မရောက်တော့ဘူး၊ တရားက ရှု့ ရှု့နေရင်းမတ်တပ်ရောက်ရောက်သွားတယ်ဆိုတာ အဲဒါ အဲဒီဟာကို အရင်းမခံလို့။ မူလလောဘော ကုသလမူလံ အကုသလမူလံဆိုတာ မူလမသိလို့ ဘာမှမလုပ်နဲ့ဦး။ နမနုဿော လူမဟုတ်ဘူး ဆိုကတည်းက ဟန်နေပြီ၊ ငြိမ်နေပြီ။ အသားတွေ၊ အရိုးတွေကလည်း လူမဟုတ်ဘူး။ ခါတ်လေးပါးကလည်း လူမဟုတ်ဘူး။ ဟော ခါတ် ခါတ် လူမဟုတ်တဲ့ အကြောင်းပြောဖို့က အလွယ်လေး။ ဒွတ္တိံသကာယ ဆံပင်၊ မွေးညှင်းဆိုတဲ့ ၃၂ကောဋ္ဌာသကလည်း လူမဟုတ်ဘူး၊ ခါတ်လေးပါးဆိုတာလည်း လူမဟုတ်ဘူး၊ လူမဟုတ်တာတွေ ပြောရမယ်ဆိုရင် ထွက်လေဝင်လေကလည်း လူမဟုတ်ဘူး၊ ဟော သိတဲ့ဟာကြီးကလည်း လူမဟုတ်ဘူး၊ ဟော လူမဟုတ်တာပြောရမယ်ဆိုရင် အဲ လူမဟုတ်တာရောက်ပြီးတော့မှ အဲဒါက အတော်ငြိမ်းတယ်။ လူမဟုတ်ဘူးဆိုမှ အခု ကျီးတွေဘာတွေ မြည်လာလို့ရှိရင် နသတ္တော သတ္တဝါမဟုတ်ဘူးလို့ ဆိုလိုက်လို့ရှိရင် အသံဘဲရှိတော့တယ်။ အဲ ကျီးသံလို့မလုပ်နဲ့ ရောသွားတယ်။ ကျီးကပညတ် အသံကပရမတ် အဲဒါ ဝိဇ္ဇာမာနေန အဝိဇ္ဇာမာန ပညတ်လို့ခေါ်တယ် ‘စာ စာလို’ နသတ္တောလို့လုပ်၊ ကျီးတွေ ဘာတွေ၊ ဆိတ်တွေဆိုတာ အဲ့ဒီပညတ်ကလာတာ ဒါကြောင့် ပဥ္စက္ခန္ဓာ နမနုဿောနဲ့ အဲဒါဉာဏ်။

## အဝိဇ္ဇာရ တဏှာရမူလံ

**‘အဝိဇ္ဇာ ရ တဏှာရ’ ‘အဝိဇ္ဇာ ရ တဏှာရ မူလံ’** အဝိဇ္ဇာဟာ တဏှာရဲ့မူလ။ တဏှာဆိုတာသည် အဝိဇ္ဇာရဲ့မူလံ တဏှာသည်လည်း အဝိဇ္ဇာရဲ့မူလံ ဒီလိုသိမှ တဏှာတွေ လူဟုတ်တယ်ဆိုရင် တဏှာတွေဖြစ်တော့မှာ သတ္တဝါတွေဟုတ်တယ်ဆိုရင် တဏှာတွေကဖြစ်တော့မှာ ဒိဋ္ဌိတွေရော၊ တဏှာတွေရော အဲဒါ ကိလေသာခေါ်တယ်။ ပြီးတော့ ‘ကံ’ဖြစ်တော့မလို့

ကိလေသာဖြစ်ရင် ဒါမှ စိတ်ကရှုလို့လည်းကောင်းတယ်။ ငြိမ်လို့ရှုလို့မကောင်းဘူး၊ မငြိမ်ဘူးလို့ဆိုရင် အဲဒီဟာတွေခံနေလို့။ ယောဂီ ဘယ်ယောဂီဖြစ်ဖြစ် ကြောက်တယ် ပြုတယ်ဆိုတာလည်း အဲလိုဟာတွေခံနေလို့။ ပြီးတော့မှ ရုပ်တွေဟာ ကွဲသွားတယ်၊ ပြီးတော့ ဒွတ္တိသကြီးကလည်းရုပ်၊ မဟာဘုတ်ကြီးကလည်းရုပ်၊ အဲ မြတ်စွာဘုရားက ရုပ်ကျတော့ ရုပ်မဟုတ်ဘူးလို့မဟောဘူး၊ တစ်ခါတည်း နက္ကတ္တိ၊ နပုရိသောက အရင် ဟောတာ၊ နပုရိသော ယောက်ျားမဟုတ်၊ အဲဒါတွေအရင်ခွာချရတယ်။ ယောက်ျားဆိုတာလည်း ပညတ်ခေါ်တယ်။ အဲ. . အဲဒါ အဲဒါလေးကကိုက တရားဖြစ်နေတယ်၊ အဲဒါ ရာဂဖြစ်ဖို့တွေပေါ့။ မနုဿော လူဟုတ်တယ်၊ ဣတ္ထိမိန်းမ ဟုတ်တယ်။ ပုရိသောယောက်ျားဟုတ်တယ်၊ သတ္တော သတ္တဝါဟုတ်တယ်။ မြင်လည်း မဟုတ်ရဘူး၊ ကြားလည်း မဟုတ်ရဘူး၊ ဒါသညာတွေ ဒြပ်ရှိရင် သညာ နာမည်ရှိရင် သညာ ဒါတွေခံနေလို့ကို ရာဂတွေက ခံနေတော့ ကိုယ်သွားချင်တာက နိဗ္ဗာန်တရား ချုပ်တဲ့ဟာ၊ ငြိမ်းတဲ့ဟာ အဲဒီဟာတွေနဲ့နေတော့ ယောဂီလည်းမဟုတ်ဘူး၊ တရားနာတဲ့သူနဲ့လည်းမတူဘူး၊ မြတ်စွာဘုရားက နမနုဿောလူမဟုတ်ဘူးတဲ့၊ တာဝတိံသာ တက်ပြီး ဟောတဲ့ အဘိဓမ္မာကလည်း အဲဒါလည်း သတ္တဝါမဟုတ်ဘူးတဲ့၊ တစ်ခါတည်းနတ်တွေကို ငြိမ်ကျသွားတာပဲ၊ နိဗ္ဗာန်ရောက်သွားတယ်၊ ငြိမ်ကျ၊ နတ်တွေ မဟုတ်ဘူးဆိုတော့ ဘယ်နတ်သားမှလည်း ချစ်စရာ မလိုတော့ဘူး၊ နသတ္တော သတ္တဝါမဟုတ်ဘူး၊ နဒေဝေါ နဒေဝေါနတ်လည်း မဟုတ်ဘူးပေါ့။ သတ္တဝါမှ မဟုတ်ဘဲနဲ့ 'ကဲ' ရှင်နန္ဒတောင်မှ နတ်သမီးကို လိုချင်တယ်။ နောက်ကျ ဘာသွားတွေ့တုန်းဆိုတော့ နတ်သမီးမဟုတ်တာ သွားတွေ့တယ်။

## ထိနမိဒ္ဓ လွှန်မှ တရားရတယ်

ဆံပင်တို့ မွှေးညှင်းတို့ အဲဒါမအိပ်နဲ့ မငိုက်နဲ့၊ အဲဒါက လူဆိုပြီးတော့ မနုဿော လူဆိုပြီးတော့ အိပ်ချင်လာတာ၊ အဲဒီနားက လူရှိနေတယ်။ ပြီးတော့ လိုချင်လာတက ထိနမိဒ္ဓ ဝိနိဒ္ဒ ဘိက္ခု **ထိနမိဒ္ဓ လွှန်မှ တရားရ**တယ်၊ ပြီးရင် တဝေါဝေါ တဝါးဝါးနဲ့သမ်းနေရင် ဘယ်နှယ့်လို့ ရမတုန်း၊ မသမ်းဘူး နမနုဿော ဝမ်းထဲထား၊ အဲဒါမှ တစ်လောကလုံး လွှန်သွားတာ လောကကြီးလွှန်သွားမှ လောကုတ္တရာ ရောက်သွားတယ်၊ ကဲ နမနုဿောလို့ ဆိုလိုက်တာနဲ့ပဲ လူတွေလွှန်သွားတယ်၊ နသတ္တော သတ္တဝါမဟုတ်ဘူး၊ ဆိုတော့မှ ဟော အဲဒါတွေက ဘာတွေတုန်းဆိုတော့မှ စိတ်ထဲ ဖြစ်ဖြစ်လာတော့ ဝိညာဏက္ခန္ဓာ အဲဒါကို 'ဓမ္မာနုပဿာနာ'က 'သံယောဇဉ်'တဲ့ ကဲ ဒါမှ တရားက ဒီလိုပေါက်ရောက်သွားတာ ပြောလည်း ပြောတတ်သွားတယ်နေလည်း နေတတ်သွားတယ်။

## ရာဂတွေအုံ ဒေါသတွေအုံ မောဟတွေအုံတာ မနုသော လူဖြစ်နေလို့

မငုံ့နဲ့ တစ်ခါတည်း ကုတ္တိ နက္ကတ္တိ မိန်းမကြီးရှိနေတတ်တယ်၊ မရှိနဲ့။ လက်တွေ၊ ခြေတွေ၊ ခေါင်းတွေရော၊ နက္ကတ္တိ 'ဟော' မိန်းမမဟုတ်ဘူး။ အရင်တုန်းက တစ်ခါမှမဆိုဖူးဘူး၊ တကယ့်မိန်းမကြီး မှတ်နေတယ်။ နှာခေါင်းပေါက် မျက်စိပေါက်၊ နားပေါက်၊ ပါးစပ်ပေါက် အဲဒါ အာကာသ။ ကြည့်လိုက်ရင် သူတို့မှာ မိန်းမတွေကြီးမှတ်တယ်၊ ယောက်ျားတွေကြီးမှတ်တယ်။ အဲဒါတွေက မထုံဘူး၊ မိန်းမတွေ၊ ယောက်ျားတွေကြီး လျှောက်ထုံနေတော့ ရာဂတွေက အုံတော့တာပေါ့။ ဒေါသတွေရောအုံ၊ မောဟတွေရောအုံ၊ အဲ ဘယ်သူက ဘယ်ဝါကနဲ့ မနုသောလူမှမဟုတ်ဘဲနဲ့ ဘယ့်နှယ့် ဘယ်သူက ဘယ်ဝါက ဘာမှမရှိဘူး။ ရှိလာတယ်ဆိုရင် အဲဒါ ပဉ္စက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ အဲဒါ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာပါသွားတယ်၊ 'မေးပြီးတော့' ဟိုဟာလုပ်လိုက်၊ ဒီဟာလုပ်လိုက်၊ နက္ကတ္တိဆိုတော့ မိန်းမမဟုတ်ဘူးဆိုတော့ ယောက်ျားလည်း မဟုတ်ဘူးဆိုတော့ ယောက်ျားလည်း စိတ်ထဲမလိုချင်တော့ဘူး၊ မိန်းမလည်း မရှိဘူး၊ မဟုတ်ဘူးဆိုတော့ အဲဒီတော့ တစ်ခါတည်း စိတ်ထဲငြိမ်းကျသွားတယ်။ အဲဒါ နိရောဓသစ္စာ။

## နမနုသော တစ်လုံးတည်းနဲ့ ဟန်ရမယ်

မိန်းမတွေ ဟုတ်တယ်။ ယောက်ျားတွေ ဟုတ်တယ်ကျတော့ 'ဟော' ရာဂဖြစ်သွားရော၊ အခုထက်တိုင်ဖြစ်တုန်း ရှေးကလည်း အဲဒါကြောင့် ဖြစ်တယ်ဆိုတာ မရိပ်မိဘူး၊ မိန်းမတွေ၊ ယောက်ျားတွေရှိနေလို့ ရှေးကတုန်းကလည်းဖြစ်တယ်၊ အခုလည်းရှိရင် အဲလိုဖြစ်တယ်။ နောက်လည်းရှိနေရင် ဖြစ်လို့မဆုံး၊ မရှိဘူးဆိုရင် မဖြစ်တော့ဘူး၊ မဖြစ်တာက နိရောဓသစ္စာ၊ ဟော တစ်ခါတည်း ရာဂတောင် မဖြစ်တော့ဘူး။ သို့မို့ရင် ဟိုလုပ်ရ၊ ဒီလုပ်ရနဲ့ နက္ကတ္တိ သွား၊ နက္ကတ္တိ မိန်းမမဟုတ်ဘူးဆိုလိုက်တော့ ဒိဋ္ဌိမရှိတော့ဘူး၊ အဲ ဒိဋ္ဌိမရှိတာကြာကြာကြီး နေနိုင်တော့၊ ကာမကလည်းမရှိတော့ဘူး။ မိန်းမရှိလို့ ကာမက ရှိရတာကိုး။ ယောက်ျားရှိလို့လည်း မိန်းမတွေမှာ ကာမက ရှိရတာကိုး။ အစဆုံး ယောက်ျား မရှိဘူး ဆိုတော့ ဒိဋ္ဌိပယ်လိုက်ရော။ ဟော နောက်ဆုံး ယောက်ျား မရှိတာကြာတော့ ကာမပယ်လိုက်ရော။ ဟော ပြီးတော့ ကိုယ့်စိတ်ကိုယ်လည်း နိုင်သွားရော၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ မိန်းမမဟုတ်ဘူး၊ ယောက်ျားမဟုတ်ဘူး၊ ယောက်ျားကြီးကို စိတ်နဲ့လုပ်ကြတယ်။ အဲ ရာဂ၊ ယောက်ျားကြီးမဟုတ်ဘူးဆိုတော့ အဲဒီတော့ ဒိဋ္ဌိကပယ်တယ်။ ရာဂကြီးဖြစ်နေပြီဆိုရင် ယောက်ျားကြီးဟုတ်နေလို့ မိန်းမကြီးဟုတ်နေလို့၊ ဒါကြောင့် **နမနေ့သောလို့ တစ်လုံးတည်းနဲ့ကို ဟန်သွားတဲ့ဟာ** တရားဟောက အဲဒီလို လိုတာ 'ဟင်'သို့မို့ ဟိုဟာတွေလုပ်ရ ဒီဟာတွေလုပ်ရနဲ့ လုပ်တဲ့ လူတွေပဲ ကဲ 'နမနုသော' လူမဟုတ်ဘူးလားဆိုရင် ဟုတ်တယ်ဆိုမှဖြင့်

သူက 'လုပ်ဟုတ်ကြီး' ရုပ်နာမ်လို့တော့ ဆိုပါရဲ့။ လူကဟုတ်နေပြန်ရော၊ ဒါကြောင့် အစဆုံးက လူမဟုတ်ဘူး၊ အဲ့ဒါ အရေးကြီးတာပေါ့။

## ဝိပဿနာယောဂီဆိုတာ

လူမဟုတ်ဘူးလို့ဆိုမှ နက္ခတ္တ၊ နပုရိသော မိန်းမမဟုတ်ဘူးပြီးတော့ နသတ္တော နတ်တွေ ပြဟ္မာတွေလည်း မဟုတ်ဘူးနဲ့ အဲလို အဲလိုဆိုမှ ငြိမ်တယ်၊ ထွက်လေ ကြည့်သမျှ 'လေ'တွေ ကဲ ယောက်ျားလည်းမဟုတ်ဘူး၊ မိန်းမလည်းမဟုတ်ဘူး၊ ထွက်လေကြီးပဲကို ဂရုစိုက်မနေရဘူး၊ အဲ ယောက်ျားကြီး မဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူးက အဲဒါက အရင်ထားမှ ထွက်လေကြီးဘဲလုပ်နေတော့ တော်ကြာ မိန်းမဘက် လှည့်ပြန်ရော၊ တော်ကြာ ယောက်ျားဘက် လှည့်ပြန်ရော ဟော ထွက်လေ ဝင်လေလုပ်သမျှတွေ သောတာပန် သောတာပန် ဖြစ်သွားတယ်ဆိုရင် နမနုဿောနဲ့ ဖြစ်သွားတာပဲ။ လူမဟုတ်ဘူးဆိုမှ ဒိဋ္ဌိကမရှိမှာ၊ လူဟုတ်တယ် ဆိုတော့ 'သတ္တဒိဋ္ဌိ' ရုပ်နာမ်ထဲ ဘယ်မှာ လူမှမပါဘဲနဲ့ အသားဆိုတာလည်း ဒွတ္တိံသကာယ မာတယ် ပျော့တယ်ဆိုတာ ပထဝီကာယ ဓာတုကာယ၊ ထိုင်တယ်သွားတယ်၊ လာတယ်ဆို တာကက္ကိရိယာပထကာယ သေပြီးရင် 'ဖူးဖူးရောင်'တယ်၊ သွေးပြည်ထွက်တယ်ဆိုတာက နဝသိဝထိ ကာယ လူမဟုတ်ဘူးဆိုကတည်းကိုက လူလည်းမဖြစ် တော့ဘူး၊ သို့မို့ 'ဟို' သွားဝင်လိုက်၊ 'ဒီ'သွားဝင်လိုက်။ အဲလို လှုပ်တယ်၊ ခေါင်းတွေ လှုပ်တယ်ဆို တာလှုပ်တာ ဝါယောပဲ အဲ လူမဟုတ်မှ (၃၂)ကောဋ္ဌာသတို့ ဓာတု ကာယတို့က 'ပေါ်လာတယ်'။ အခုကြားတာက 'ဓမ္မာနုပဿနာ' ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကျတော့ ဝိညာဏ်ဖြစ်နေတယ်။ အဲဒီ သံယောဇဉ်ကြားတဲ့ဟာကို မြင်တဲ့ဟာတွေ စက္ခုဝိညာဏ်တွေ အဲဒါတွေ သံယောဇဉ် ဖြစ်နေတယ်။ သံယောဇဉ်မှန်းသိရတယ်၊ အဲ လူမဟုတ်ဘူးဆိုတော့ သံယောဇဉ် မရှိတော့ဘူး၊ ယောက်ျား မဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး ဆိုတော့ လူ့သံယောဇဉ်တွေ ဒိဋ္ဌိ၊ နိစ္စမြဲတာလည်း မဟုတ်ဘူး၊ အဲလိုဆိုမှ ခေါင်းငုံ့တယ်၊ ပြုပြင်တယ်၊ ယားလိုကုပ်တယ်၊ ဘာလို့ပြင်တယ်၊ အဲဒါလူဟုတ်လို့ ညောင်းတယ် ဒါဝေဒနာ ရုပ်ဖောက် ပြန်တာ၊ ရုပ်ဆိုတာ ဖောက်ပြန်တာ ယားတာလည်း ဖောက်ပြန်တာပဲ၊ ဟိုဟာ သုခ ဒုက္ခဆိုတာလည်း ရုပ်ဖောက်ပြန်တာပဲ၊ လျှာထဲမှာ အရသာလေး ထိုးသွားတော့ ကောင်းသွား တာပေါ့။ နားထဲမှာ ဆဲသံမဟုတ်ဘူး၊ ကောင်းသွားတယ်၊ အဲဒီလို အကြံဉာဏ်က ထုတ်မှ ဒါမှ **ဝိပဿနာယောဂီ**၊ ယောဂီဆိုတာ ယုဇ္ဇတုံ သီလံ ယဿာတိ ယောဂီ၊ ယုဇ္ဇိတုံ အားထုတ်ခြင်းငှာ ယှဉ်တာကို ယုဇ္ဇ ယုဇ္ဇခေါ်တ်ခေါ်တယ်။ ဝိပဿနာနဲ့ယှဉ်တယ်။ လက်တွေက 'ဟိုဟာ သွားလုပ် ဒီဟာသွားလုပ် မလုပ်နဲ့'။ ဝိပဿနာမှာ လက်မရှိဘူး၊ လှုပ်တာဘဲရှိတယ်၊ လှုပ်ချင်တယ် လက်ဆိုတော့ 'ဆန္ဒ'ကို မနိုင်ဘူး၊ လူရှိတယ်၊ နမနုဿော လူမရှိဘူးဆိုတော့ လက်လည်းမရှိဘူး၊ အလွန်ကောင်းတဲ့

တရားဘဲ၊ 'နမနုသေသာဆိုတဲ့ တရားက' နမနုသေသာဆိုမှ ဒိဋ္ဌိပြင်တရားတွေ ပေါ်လာတယ်၊ သို့မို့ရင် မနုသော လူဆိုတော့ ဟော အဝိဇ္ဇာကြီးဖုံးနေတယ်၊ ဉာဏ်က ဉာဏ်က အဲလို 'မထုတ်ဘဲ' ပြီးတော့ တပည့်တော်မကြီးဖြစ်သွားတယ်။

## လူဟုတ်ရင် အမျိုးစုံဖြစ်တယ်

လူ လူဖြစ်တော့ မိန်းမကြီးဖြစ်သွားတော့ အဲလို လျှောက်ချင်သွားတယ်၊ အဲဒါ ဟိုဟာလုပ်ချင် ဒီဟာလုပ်ချင် အဲဒါလူဖြစ်လို့ လုပ်ချင်တာ၊ လူဖြစ်တော့ညောင်း ခေါင်းကလည်း မော့ချင်၊ ထမင်းစားချင်၊ 'ဟာ' အိမ်သာတက်ချင်၊ ကျင်ငယ်စွန့်ချင်၊ 'ဟာ'အကုန်လျှောက်ဖြစ်ကုန်တယ်။ အဲ လူမဟုတ်ဘူးဆိုမှ သင်္ခါရပေါ်လာတယ်။ ဝိညာဏ်ရော ဝိညာဏ်က လူဟုတ်ချင်တယ်၊ အဲဒါ လူဟုတ်ချင်တာနဲ့ အဲဒီဝိညာဏ်နဲ့ လူဟုတ်ချင်တာနဲ့ဆိုမှ အဲဒီ ဝိညာဏ်က ဥပါဒါဏက္ခန္ဓာ ဖြစ်သွားတယ်။ ဒုက္ခသစ္စာဆိုတာ အဲ အဲလိုမှတ်ထား၊ လူဟုတ်တယ် ဆိုတော့ အိမ်ထောင်ပြုချင်တယ်၊ 'ဟော' မင်္ဂလာဆောင်ချင်တယ် အဲဒါ လူဟုတ်လို့ လူမဟုတ်တော့ ဘယ်နှယ့်လိုမှ စိတ်ကမဆောင်ချင်ဘူး၊ အဲဒီစိတ်က ဥပါဒါဏက္ခန္ဓာ ဝိညာဏုပါဒါ နက္ခန္ဓာ (ဆိုလိုက်စမ်း) ဝိညာဏုပါဒါနက္ခန္ဓာ အဲဒါ မင်္ဂလာဆောင်ချင်တဲ့ ဟာ'စိတ်' နောက် မင်္ဂလာဆောင်ပြီးရင် ဘယ်လိုနေကြမယ်၊ ဘယ်လိုထိုင်ကြမယ်၊ ဘယ်လိုပျော်မယ်၊ ဘယ်လိုလုပ်မယ်၊ ဘယ်မှာထွက်မယ် ခရီးဘာနဲ့ညာနဲ့ အဲဒါတွေက ခန္ဓာတွေ သင်္ခါရက္ခန္ဓာတွေ၊ဝေဒနက္ခန္ဓာတွေ ၊ သညာက္ခန္ဓာတွေ အဲဒါ ဥပါဒါဏက္ခန္ဓာဆိုလိုက်စမ်း (ဥပါဒါဏက္ခန္ဓာ) အဲလိုကျမှ သိတယ်၊ ဒါကြောင့် မနုသော လူဟုတ်နေတော့ လူဟုတ်လို့ ဖြစ်တာတွေပေ့ါ 'လူဟုတ်ရင် အမျိုးစုံဖြစ် တယ်'၊ ဒါကြောင့် နမနုသော တရားက ပထမတန်း ကောင်းတဲ့တရား ဘယ်ဆီရောက်ရောက် စက်ဘာပူသွားတယ်၊ အဲဒါလူဟုတ်လို့။ ခြေထောက်ကလေး ဆေးကုရတယ်၊ အသည်းမှာ ကင်ဆာဖြစ် တယ်၊ စက်ဘာပူသွားရတယ်၊ အဲဒါလည်း လူဟုတ်နေလို့။ လူမဟုတ်လို့ရှိရင် ဘယ်ကင်ဆာမှလည်း မရှိဘူး၊ ဘယ်ခြေထောက်မှလည်း မရှိဘူး။

## လူမဟုတ်ဘူးဆိုတာနဲ့ 'သောတာပန်'ဖြစ်သွားတယ်

အဲ လူမဟုတ်ဘူးဆိုတာက အနုပါဒါနက္ခန္ဓာ ဆိုလိုက်စမ်း (အနုပါဒါနက္ခန္ဓာ) လူဟုတ်တယ် ဆိုလို့ရှိရင် ဥပါဒါဏက္ခန္ဓာ အဲ 'စာ'ကတော့ ဥပါဒါဏက္ခန္ဓာက ဒုက္ခသစ္စာလို့ဆိုတာ၊ တရားပြတဲ့သူက အဲဒီလိုလေးပြလိုက်ရင် ပထမတန်းကောင်းတဲ့တရား။ လွယ်လည်းလွယ်ကူနဲ့ မလုပ်လည်း မလုပ်တတ် စရာ ဘာမှမရှိဘူး။ အဲ အဲ အဲဒီလို အစဆုံး နမနုသော ဆိုစမ်း နမနုသော အနက်ပေးလိုက်စမ်း

‘လူမဟုတ်ဘူး’ အဲဒါနဲ့ကို မအေးဘူးလား၊ အေးသလား၊ ပြောပါဦး။ အေးပါတယ်၊ လူမှမဟုတ်ဘဲနဲ့ ပါးလည်းမဟုတ်ဘူး၊ ခေါင်းလည်းမဟုတ်ဘူး၊ ခြေထောက်လည်းမဟုတ်ဘူး၊ ဟိုဟာတွေက သဏ္ဌာန်တွေ ဟို ဟို ပထဝီတွေရဲ့ သဏ္ဌာန်တွေပေါ့။ ဝါယောတွေ ပထဝီတွေရဲ့ သဏ္ဌာန်တွေက ခါးတွေဖြစ်လိုက် လူတွေဖြစ်လိုက်၊ မာတာတွေ၊ ပျော့တာတွေက ပထဝီရဲ့ ‘အခြင်းအရာ’ခေါ်တယ်။ နှာခေါင်းတွေဖြစ်လိုက်၊ မျက်လုံးတွေ၊ မျက်ခုံးတွေ အဲ အဲဒါ လူမှမဟုတ်ဘဲနဲ့တော့ မျက်ခုံးလည်း မဟုတ်တော့ဘူး၊ ဘာမှလည်းမဟုတ်တော့ဘူး၊ ‘ကဲ တရားကြီးက အများကြီးတောင် နာပြီးနေစရာ တောင် မလိုတော့ဘူး’။ **လူမဟုတ်ဘူးဆိုတာလေးကို စဉ်းစားလိုက်တာနဲ့ကို သောတာပန်ဖြစ်သွားတယ်၊** ဥပမာ အနတ္တလက္ခဏာသုတ်တွေကျတော့ ရူပံ ဘိက္ခဝေ နိစ္စံဝါ အနိစ္စံဝါနဲ့ ဒီလိုလာတော့ လူမဟုတ်မှ ‘ရုပ်’ဖြစ်မှာပေါ့။ လူဟုတ်တော့ ဘယ်နှယ့်လို့ ‘ရုပ်’ဖြစ်မှာလဲ၊ လူဟုတ်တော့ လူရုပ်ကြီးကမြဲနေတယ်။ လူမဟုတ်တော့ မမြဲတော့ဘူး၊ ဒါကြောင့် လူမဟုတ်တာက အနတ္တလက္ခသုတ် အရင်းခံ။ ဓမ္မစကြာလည်း အရင်းခံ၊ ခန္ဓာငါးပါး ‘ခန္ဓာ’ဆိုတာကလည်း လူမဟုတ်မှ ခန္ဓာဖြစ်တာ။ **လူဟုတ်ရင် ဘယ့်နှယ့်လို့ ခန္ဓာဖြစ်မတုန်း။**

## တရားတွေလုပ် လူတွေဟုတ် ‘ဒိဋ္ဌိ’ မပြုတ်ဖြစ်တတ်သည်

အဲဒီတော့ နက္ကတ္ထိ ‘ဟော’ လူမဟုတ်ဘူး၊ ယောကျ်ားတွေနဲ့ မိန်းမတွေနဲ့ ကွဲနေရင် ‘ဟော’ မကွဲချင်ဘူး၊ အဲ လူဟုတ်လို့၊ တရားတွေလုပ်၊ လူတွေဟုတ်ဆိုစမ်း (တရားတွေလုပ် လူတွေဟုတ်) အဲ အဲ ဒါနဲ့ တရားတွေတော့လုပ်ပါရဲ့ လူကဟုတ်နေမှဖြင့် အဲ ဒိဋ္ဌိမပြုတ်ဖြစ်တတ်သည်။ ဆိုစမ်း ‘**တရားတွေလုပ် လူတွေဟုတ် ဒိဋ္ဌိမပြုတ် ဖြစ်တတ်သည်**’ (တရားလုပ်လူတွေဟုတ် ဒိဋ္ဌိမပြုတ်ဖြစ်တတ်သည်) ရာဂမပြုတ်ဖြစ်တတ်သည် (ရာဂမပြုတ်ဖြစ်တတ်သည်) ဒေါသမပြုတ်ဖြစ်တတ်သည် (ဒေါသမပြုတ်ဖြစ်တတ်သည် ) အဲဒီလို ကိုယ့်ကိုကိုယ်ကြီးလည်း ‘လူ’ကြီးလို့မထင်မှ၊ တရားတွေ အားထုတ်တာလည်း ‘လူ’က အားထုတ်တာလည်း မဟုတ်ဘူး၊ ဒီလိုလုပ်မှ ‘လူ’ရှိလို့ရှိရင်လည်း ‘ငါ’ရှိနေပြန်ရော။ အဲလို အဲလို တရားရှုမယ် ဆိုလို့ရှိရင် နမနုဿောက စမူတည်ပြီးတော့ ရှုရတယ်။ ဒါကြောင့် ဘုရားက ဉာဏ်ကိုအလွန်ဖွင့်ဖွင့်ပေးတာ။ ဘုရားက ဉာဏ်ကို ဖွင့်ပေးလေ ဒီကသတ္တဝါတွေ က ဉာဏ်မဟုတ်ဘူး၊ ‘လူတွေရှိ’ ဖြစ်ပြီးတော့ ယောကျ်ားတွေ၊ မိန်းမတွေ လုပ်ပြီးတော့ တစ်ခါတည်း ‘တဏှာနဲ့’ ကြီးနေချင်တာ။ သတ္တဝါက နွားမတွေနဲ့ နွားထီးတွေနဲ့ တစ်ခါတည်း ခြံထဲပိတ်လှောင်၊ ခြံထဲပစ်ထား၊ ‘ဟာ’ ခြံထဲတွင်ပဲ သူတို့မှာ နွားမနဲ့ နွားထီးက အဲလိုဖြစ်ပြန်ရော အဲ ‘နသတ္တော’ မဟုတ်တော့ဘူး ‘သတ္တော’ဘုရားနဲ့ငြင်းသွားတယ်။ ပဉ္စက္ခန္ဓာ နသတ္တော ဆိုစမ်း ပဉ္စက္ခန္ဓာ နသတ္တော။ အဲ အဲဒီ နသတ္တောမရှိမှ ပဉ္စက္ခန္ဓာမှန်း သိသွားတယ်။ ‘ဉာဏ်က ဉာဏ်က’၊ သတ္တဝါတွေ ခံနေရင်

ဉာဏ်မရှိဘူး။ 'မောဟခေါ်တယ်၊ အဲဒီ မျက်စိနဲ့ မြင်တာလေး နားနဲ့ကြားတာလေးကို ခန္ဓာငါးပါး ကိုယ်နဲ့လက်နဲ့ ထိတာလေးကို ခန္ဓာငါးပါး၊ အဲလိုလုပ်မှ လူမရှိတာ။ လူမရှိတာထဲ ရောက်သွားရော ခန္ဓာငါးပါးလည်းရောက်သွားရော သောတာပန်လည်း ဖြစ်သွားရော။ ဒါမှ 'ခန္ဓာငါးပါးသိပြောက သောတာပန်'ဆိုတာ အဲလိုဟာကို ခေါ်သွားတယ်၊ အဲလိုခန္ဓာ ငါးပါးသိသွားတော့ ဟော သတ္တာဝါကို မသတ်တော့ဘူး၊ သူ့ဥစ္စာလည်း မခိုးတော့ဘူး၊ သို့မဟုတ် သူ့ ယောက်ျားတောင်မှ ယူချင်ယူဦးမှာ။ လူဟုတ်နေလို့ရှိရင် အဲဒါ 'ကာမေသု မိစ္ဆာစာရကြီး'။ အဲ သတ္တဝါဆိုတာ အဲဒါနဲ့စပ်ရင် ဘာမှ ဘယ်စိတ်မှ 'အရိယာစိတ်' ကျမှ အဲဒီဟာတွေက လွန်မြောက်နိုင်တာ။ သို့မဟုတ် မလွန်မြောက်နိုင် ဘူး၊ စိတ်ကလည်း တစ်အားကြီးကြံတာ၊ တစ်အားကြီးစိတ်ကူးတယ်၊ နမနုသောကို အရင်ဆုံးလုပ်ရ မယ်၊ လူမဟုတ်ဘူး ဆိုတဲ့ဟာကို 'အမယ်ကြီးအိုကြီး'တွေလည်း အဲဒါ ဟိုတရား၊ ဒီတရားတွေ ခက်မနေနဲ့။ နမနုသောလေး ဆိုပေး ဒါက ဒ့ါထက် လွယ်တာ မရှိတော့ဘူး။ ဆိုလိုက်စမ်း၊ နမနုသော 'လူမဟုတ်ဘူး'၊ (လူမဟုတ်ဘူး)၊ ကဲ လူမဟုတ်တော့ အိုမှာကြောက်သေးလား၊ ထမင်းတမယ် သမီးသားတွေက မကျွေးမှာ ကြောက်သေးလား မကြောက်တော့ပါဘူးဘုရား အဲလိုကျမှ ဒေါသတွေ လည်း မကင်းဘူးလား၊ ကင်းပါတယ်ဘုရား၊ အဲ နမနုသော တရား တစ်လုံးတည်းနဲ့ တရားပေါက် အောင်လည်း မလုပ်တတ်ဘူး။

## ဓမ္မသာမိ တရားပိုင်ရှင်ကြီး

အဲလိုမှ ဒါမှ ဓမ္မသာမိတရားအစဉ် မြတ်စွာဘုရားက ဓမ္မသာမီခေါ်တယ်၊ ဓမ္မပုဒ္ဓေ ဘယ်လိုပဲကြံလိုက် ကြံလိုက် သူ့မှာ တရားဖြစ်သွားတာဘဲ၊ အဲ **ဓမ္မသာမိတရားပိုင်ရှင်ကြီး**၊ အဲဒီလို နမနုသော ဆိုတာနဲ့ဘဲ တရားဖြစ်သွားတယ်၊ အကုန်ကြံရတယ်၊ ပိဋကသုံးပုံမှာ အဲဒီ 'န'လေးပါတာ (၁၂)ခု၊ နမနုသောဆိုတာပါပြီးမှ နက္ကတ္တိ နပုရိသော 'ဟော' နပုရိသော အဲဒါတွေလုပ်မှ ယောက်ျား တွေမြင်လို့ရှိရင် နပုရိသောလို့လုပ် မိန်းမတွေမြင်လို့ရှိရင် နက္ကတ္တိလို့လုပ်၊ ဒါ အေးသွားတာပဲ၊ ပြီးတော့ အဲဒီလိုမလုပ်တော့ 'ဟော' က္ကတ္တိကြီးဖြစ်သွားတယ်။ 'ဟော' ပုရိသကြီးဖြစ်သွားတယ်။ စိတ်ထဲမှာ ရှိနေတယ်။ ယောက်ျားကြီးစိတ်ထဲမှာ ရှိနေတယ်ဆိုတော့ အဲဒီစိတ်က ယောက်ျားကြီးဆီ ရောက်မသွားဘူးလား၊ အဲဒီမှာ 'န' မရှိဘူးဆိုမှ အဲဒီစိတ်က ယောက်ျားကြီးဆီရှိသေးလား၊ အဲဒီ 'န'လေး တစ်လုံးတည်းနဲ့ပဲ မှတ်ထား။ အတူတူနေရင် အိမ်ထဲမှာ အတူတူနေတယ်ဆိုဦးတော့ ကောင်မလေးတွေနဲ့ 'နမနုသော' လူမဟုတ်ဘူးဆိုလိုက်လို့ရှိရင် အေးသွားတယ်၊ သို့မှ့လို့ရှိရင်တော့ 'အဘိုးကြီးအိုကြီး'နဲ့လည်း ရတတ်တာဘဲ၊ အသက် (၅၀)နဲ့ (၂၀)နဲ့ အဲလို ဟာမျိုးတွေ

နမနုဿောလို့ဆိုလိုက်တော့ 'ဟော' အကုန်ပြီးသွားတယ်။ လက်ထပ်တာ တွေရော မရှိတော့ဘူး၊ 'အနာဂါမ်'တောင် ဖြစ်သွားတယ်၊ လူလည်းမရှိဘူး၊ အိမ်ထောင်ပြုချင်တာလည်း မရှိတော့ဘူး။

## န မနုဿော တစ်လုံးက 'ပဋိစ္စသမုပ္ပါဒ်ကြီး'ပြတ်

အဲ မနုဿော ဆိုတော့ မောဟဖြစ်သွားတယ်။ မနုဿော ဆိုတော့ ဘာဖြစ်သွားတုန်း (မောဟဖြစ်သွားပါတယ်ဘုရား) မောဟဖြစ်တော့ အဝိဇ္ဇာပစ္စယာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ မဖြစ်ဘူး လား၊ အဲဒါ **'နမနုဿောလို့ ဆိုသဖြင့် လူမဟုတ်ဘူး ဆိုတာနဲ့ တစ်ခါတည်း ပဋိစ္စသမုပ္ပါဒ်ကြီး'** ကို ပြတ်မသွားဘူးလား၊ သွားသလား၊ ပြတ်သွားပါတယ်ဘုရား၊ အဲဒီလောက်ကို 'စွမ်း'တာ 'ခန္ဓာ'တောင်မရှိတော့ဘူး၊ ဘုရားတရားဆိုတာ အဲလိုမှ 'မူ'မူကို ကိုင်ထားရတယ်။ လောဘော အကုသလ မူလံ ဆိုလိုက်စမ်း (လောဘော အကုသလ မူလံ) လောဘော လိုချင်ခြင်းသည် အကုသလ အကုသိုလ်၏ မူလအရင်းအမြစ်တည်း၊ အဲဒါ မူလ 'ယမိုက်'တွေခေါ်တယ်။ ကဲ လိုချင်တာ ဘာဖြစ်လို့ လိုချင်တုန်း ဆိုတော့ လူရှိတော့ လိုချင်တာပေ့ါ။ 'လူဆို'လိုချင်တယ်၊ 'လူဆိုတော့' လိုချင်တယ်။ ဣတ္ထိမိန်းမဆိုလည်း လိုချင်တယ်။ နဣတ္ထိတဲ့၊ မိန်းမလည်းမဟုတ်ဘူး၊ လူဆိုတော့ ယောက်ျားဖြစ်သွားတယ်။ ယောက်ျားလိုချင်တယ် မိန်းမတွေက။ ယောက်ျားတွေက မိန်းမတွေ လိုချင်တယ်။ အဲဒီတော့ နမနုဿော လူမဟုတ်ဘူးလို့ဆိုတဲ့ နောက်မှတော့ မိန်းမလည်း မရှိတော့ဘူး၊ ယောက်ျားလည်းမရှိတော့ မလိုချင်တော့ဘူး၊ မလိုချင်တော့ လောဘမရှိတော့ဘူး၊ လောဘမရှိတော့ အကုသိုလ်လည်း မရှိတော့ဘူး၊ မောဟော အကုသလမူလံ ဆိုလိုက်စမ်း (မောဟော အကုသလ မူလံ) 'မောဟော' မောဟသည် (ဝါ) လူရှိခြင်းသည် မောဟဆိုတာ လူရှိတာကို မောဟလို့ခေါ်တာ၊ ကဲ ရုပ်နာမ်ဆိုတာ နိဗ္ဗာန်။ စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်ဆိုတာ လူမရှိရင် 'နိဗ္ဗာန်' ရောက်နေတော့ တာ။

## ဉာဏ်မရှုံးပါစေနဲ့

လူကရှိနေတော့ 'ဟော' နိဗ္ဗာန်မရောက်ဘူး၊ အဲဒါ မောဟဖြစ်သွားတာဘဲ။ ဟုတ်တယ်၊ တရားဆိုတာ အဲလို အဲလိုလုပ်မှ တစ်ပြည်လုံးကို အဲလိုသိကုန်တဲ့ နောက်မှတော့ ဘာမှကို အဲဒါ 'ဟန်'သွားတော့တယ်။ ဘယ်တရားတွေ 'လုပ်' လုပ်နေကြတယ်။ ဘာတွေပဲလုပ်လုပ် လူမဟုတ်ဘူး လား ဟုတ်သလား၊ သွားမေး ဟုတ်ပါတယ်ဆိုရင် ဘယ့်နှယ့်မှ ဘာမှမဖြစ်သေးဘူး၊ 'မူလ'လေးနဲ့ ဘာလေးနဲ့မှတောင် မသိသေးဘူး၊ အဝိဇ္ဇာပစ္စယာ ဘာရယ် ညာရယ်လို့တော့ ဆိုနေပါရဲ့ 'လူ'မဟုတ် လို့ လူကြီးက ဟုတ်ပြီးတော့ ဆိုနေတာ၊ လူကိုမဟုတ်မှ အဲ လုပ်ကြပါဟဲ့၊ ပြီးတော့ လူဟုတ်တော့ ဓမ္မကထိကကြီးကလည်း လူထွက် အဲလိုဟာမျိုး အဲဒါ လူဟုတ်လို့ နမနုဿော လူမဟုတ်၊ အဲဒါဆိုရင်

အကုန်ကိုဟန်သွားတယ်၊ လူဟုတ်သေးတယ်ဆိုရင် အဲဒီ ရာဂ၊ ဒေါသတွေ ဒိဋ္ဌိတွေရော အကုန်ရှိနေတယ်၊ အဲဒါမဟုတ်ဘူးလား ဟုတ်သလားဆိုတာ စဉ်းစားပါ။ တရားနာလို့ နာရလို့ ဆရာကပြောလို့ဆိုပြီးအစွဲမထားနဲ့၊ မဟုတ်ဘူးလား၊ ဟုတ်သလား စဉ်းစားတာက 'သပ္ပါယ' ဆိုစမ်း (လူ မဟုတ်ဘူးလား ဟုတ်သလားစဉ်းစားတာက သပ္ပါယ) အဲဒါ 'သပ္ပါယသမ္မဇဉ်'ခေါ်တယ်။ ဉာဏ်ယှဉ်တာခေါ်တယ်၊ အခု ငါပြောတာတွေ ဟုတ်သလား မဟုတ်ဘူးလားလို့ စဉ်းစားရတယ်၊ မစဉ်းစားဘဲနဲ့ တကယ်ဟုတ်တယ်လို့ တကယ်သွားမဟုတ်ချင်မဟုတ်နဲ့ စဉ်းစားပြီးတော့မှ 'မဟုတ်'။ အဲလိုမှ တရားကဟုတ်တာ။ သို့မို့လို့ရှိရင် ဆရာပြောတာကတစ်ခြား၊ ယောဂီတွေ ဖြစ်နေတာက တစ်ခြားဆိုရင် ဘယ်မှာ မဟန်ဘူး၊ အဲဒါ နမနုသော လို့ဆိုတော့ ကာမဂုဏ်တွေ ဘာတွေ ဘယ်လိုဘဲဖြစ်နေနေ ယောကျ်ားကြီးနဲ့ ဘယ်လိုကြိုက်ကြိုက်နေနေ နမနုသော နမနုသောလို့သာ ဆိုဆိုနေတော့ လူမဟုတ်ဘူး လူမဟုတ်ဘူး ဆိုလိုက်တော့၊ 'ဟော' ရာဂနဲ့ လူမဟုတ်ဘူးနဲ့ ဘယ်သူက နိုင်သတုံး၊ 'ဟော' လူမဟုတ်ဘူးက နည်းနည်းပြီး ရာဂကြီးက အဲ 'တပ်မက်'တတ်၊ ဟိုက တပ်မက်နေကြတာကိုး၊ ရာဂဆိုတာ တပ်မက်တယ်၊ ဝိရာဂ၊ ရာဂဆိုတာ တပ်မက်တယ်၊ အဲ လူမဟုတ်ဘူးတဲ့ဟာက ရှုံးသွားတယ်။ 'ဉာဏ်'က ရှုံးသွားတယ်၊ လူဟုတ်တဲ့ လောဘ တပ်မက်တဲ့ 'တဏှာ'က နိုင်သွားတယ်။

## လူမဟုတ်တာက လောကုတ္တရာ

အဲဒါတွေကို အိမ်ထောင်ပြုတယ် ဘာပြုတယ် အိမ်ထောင်ပြုမှ ကောင်းမှာပေ့ါ။ အရွယ်လွန်ရင် ဘာညာနဲ့ 'ဟာ' လူတွေပြောကြတယ်။ အဲဒါ နမနုသော။ မြတ်စွာဘုရားကတော့ သူကအိမ်ထောင်ပြုလာခဲ့တဲ့သူ၊ ယသော်ဓရာလေးမှ ဆယ့်ခြောက်နှစ်ရှိသေးတယ်။ အဲဒါနဲ့ရလာတဲ့သူဒါတောင်မှ လူအိုမရှိဘူး၊ လူနာမရှိဘူးဆိုတော့ 'သူ'လူအိုလူနာတွေ မမြင်တော့ 'သူ'နှစ်ဆယ့်ကိုးနှစ်ပတ်လုံး လုပ်ချင်တာက တရားရချင်တာ၊ နေရတာက ကောင်မလေးတွေနဲ့ ဖြစ်နေတယ်။ ဘယ်လောက်စိတ်အနှောင့်အယှက်များတုန်း၊ သူ့ပါရမီတွေက လူမဟုတ်ချင်တဲ့ဟာ အဲ လူတွေနဲ့နေတော့ အဲ မာရ်နတ်ကလည်းတားတယ်၊ မောင်ဆန် (ဆန္ဒအမတ်)ကလည်းတားတယ်၊ တစ်ခါတည်း ယသော်ဓရာလေးငယ်ပါသေးတယ်၊ သားလေးမှာလည်း 'ငယ်တာလေး'ရှိသေးတယ်။ ငါ အဲဒါတွေထောက်လို့ ဒီလောက်တောင်ကြာခဲ့တာတဲ့ ပြီးတော့ မင်းမတားနဲ့ဆိုပြီးတော့ သူက 'မြင်း'သာပြင်ပေတော့ဆိုပြီးတော့ တစ်ခါတည်း 'မြင်း'ပြင်တော့ ဟိုကလေးလေး မွေးခါစလေးဘဲရှိသေးတယ်။ ဥယျာဉ်ထဲတောထွက်တယ်။ ဥယျာဉ်ထွက်တော့ အဲ 'လူမဟုတ်ဘူးက နိုင်သွားတယ်တဲ့'။ အင်း ဟိုလိုဆိုရင် နာမည်လေးတွေနဲ့ဆိုတော့ ချစ်စရာလေးတွေ၊ ဘာလေးတွေပေ့ါ။ အဲဒါ လူဟုတ်နေလို့ရှိရင် အဲဒါ မထွက်နိုင်တော့ဘူးတဲ့။ လူမဟုတ်မှ လူမဟုတ်လို့ ဘုရားဖြစ်လာတယ်။

အဲလိုမှတ်ထား၊ လူဟုတ်လို့ရှိရင် အဲ့ဒီတောလည်းမထွက်နိုင်ဘူး၊ **လူမဟုတ်တာက လောကုတ္တရာ** ဆိုလိုက်စမ်း (လူမဟုတ်တာက လောကုတ္တရာ)၂ (လူဟုတ်တာက လောက)၂ ၊ (လောကဆိုတာ ဒုက္ခသစ္စာ)၂ လောကခံလည်းရှိတယ်၊

## လူမဟုတ်ဘူးဆိုရင် တရားရတယ်

အဲ 'လောကခံ' လူတော့ဟုတ်နေပြီးတော့ 'လောကခံ'ကျ ကြောက်လိုက်တာ ဘာဖြစ်သွားတုန်း ဘယ်လိုဖြစ်တာတုန်း၊ မေတ္တာပို့ပါဘုရား၊ ဘာပါဘုရားနဲ့ အဲဒါလူဖြစ်တော့ ကြောက်တာပေါ့။ ဟိုကြောက်၊ ဒီကြောက်နဲ့ ကြောက်စရာမဟုတ်တာတွေ လျှောက်ကြောက်နေ၊ ဒီကလူမရှိပါဘူး ဆိုတော့ အကြောက်မရှိတဲ့တရားဟောလိုက်ပါတယ်ဆိုမှ 'ဟင်' ဘာဖြစ်လို့ စာမေးပွဲကျမှာလည်း ကြောက်သေးတာပဲ၊ အဲလိုဟာတွေ အကုန်ကြောက်နေတယ်၊ အဲဒါ လူဟုတ်လို့ ဘာဖြစ်လို့တုန်း လူဟုတ်လို့ နမနုသော ဆိုစမ်း (နမနုသော လူမဟုတ်ဘူး) အဲ လူမဟုတ်ရင် ဒီ့ပြင်ကိစ္စတွေလည်း မရှိဘူးတဲ့၊ အဲဒါ နိဗ္ဗာန်ရောက်သွားတယ်လို့ အဲလိုမှတ်၊ ဟော ' လူမဟုတ်ဘူး' 'လူမဟုတ်ဘူး' 'လူမဟုတ်ဘူး'နဲ့၊ အဲဒါသာ 'ဆို'နေ 'သွား'။ ဘာဒုက္ခမှမရှိဘူး၊ ဘာပြဿနာမှလည်းမရှိဘူး၊ မအေ ဖအေ ကျောက်ရောင်းရတယ်၊ 'ဘာ' ရှုံးတယ်၊ မြတ်တယ် ဘာမှမရှိဘူး၊ မော်တော်ကားလည်း မရှိဘူး၊ နမနုသော လူမှ မဟုတ်ဘဲနဲ့ မော်တော်ကားလည်း ဟုတ်နိုင်ပ့ါမလား၊ အဲ အဲလိုဆိုတော့ မော်တော်ကားကြီးပျောက်သွားတယ်၊ ဘာမှ အရေးမကြီးဘူး၊ ရှိတယ်ဆိုတော့ အောင်မာ ခဲနဲ့ထုလို့ ပိန်ရင် တစ်ခါတည်း ဒေါသကြီးကို ထွက်လိုက်တာ လူမဟုတ်ဘူး ဟုတ်တယ်ကိုဘဲ အဲ့လိုစဉ်းစားလိုက် တာနဲ့ 'ငါ'တရားတွေလုပ်တယ် တရာတွေထိုင်၊ 'လူဟုတ်သေးတယ်' ဆိုရင် တရားမရသေးဘူး၊ 'လူမဟုတ်ဘူး' ဆိုရင် တရားရတယ် အဲလိုမှတ်၊ ကဲတော်ကြဦးစို့။

(သာဓု . . . သာဓု . . . သာဓု. . . )၃

## သတ္တဝါမရှိသော အသိသည်သာ လိုရင်းဖြစ်သည်

♦ မျက်စိ နားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ
မျက်စိမြင် နားကြား စိတ်မသွားသူကဒုက္ခအေးသတည်း။

♦ အဝိဇ္ဇာရှိ လူတွေရှိ လှုပ်၏စိတ်ထဲမှာ
အဝိဇ္ဇာမရှိ လူမရှိ ငြိမ်း၏စိတ်ထဲမှာ ။

♦ လူဟုမယူ နာမ်ရုပ်ယူ
ထိုသူ ဥပါဒါန်ကင်းသတည်း
ဥပါဒါန်ကင်း ကံတွေကင်း
ဇာတိ စသည်ပါကင်းသတည်း ။

♦ အနိစ္စကောင် ဒုက္ခကောင်
ထင်အောင်နှလုံးသွင်း
အနိစ္စတုံး ဒုက္ခတုံး
လုံးလုံးမှတ်ကြမင်း။

**သဗ္ဗေသင်္ခါရာ အနိစ္စာ**
**အပ္ပမာဒေ န သမ္ပာဒေထ**

-----------+++++----------